ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပါမောက္ခချုပ်များကော်မတီ

# အဆင့်မြင့်ပညာကျောင်းများနှင့် ဆရာသမဂ္ဂများ၏ အခန်းကဏ္ဍ

# စာတမ်း

(၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ)

MICC-2 နေပြည်တော်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆရာသမဂ္ဂ၏ တရားဝင်မှု | ၁ |
| ၃။ | မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀)၊ အဆင့်မြင့်ပညာရေးနှင့် ဆရာသမဂ္ဂများအခန်းကဏ္ဍ | ၃ |
| ၄။ | အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများ ဖွဲ့စည်းနိုင်မှု အခြေအနေ | ၄ |
| ၅။ | လွတ်လပ်ပြီးအမှီအခိုကင်း၍ အများဆန္ဒဖြင့် ရွေးကောက်သော ဆရာသမဂ္ဂများပေါ်ပေါက်ရေး | ၅ |
| ၆။ | ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆရာသမဂ္ဂများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း | ၆ |
| ၇။ | အဆင့်မြင့်ပညာရေးဥပဒေ၊ အဆင့်မြင့်ပညာကျောင်းနှင့် ဆရာသမဂ္ဂများ အခန်းကဏ္ဍ | ၇ |
| ၈။ | အဆင့်မြင့်ပညာကျောင်းများ၏ စီမံအုပ်ချုပ်ပညာရေးအဖွဲ့များနှင့် ဆရာသမဂ္ဂများအခန်းကဏ္ဍ | ၈ |
| ၉။ | အဆင့်မြင့်ပညာကျောင်းများနှင့် ဆရာအဖွဲ့အစည်းများ၏ ကိုယ်စားပြုအဖွဲ့ ဖွဲ့စည်းနိုင်ရေးနှင့် ဆရာသမဂ္ဂများ၏ အခန်းကဏ္ဍ | ၈ |
| ၁၀။ | အကြံပြုဆွေးနွေးချက်များ | ၉ |
| ၁၁။ | နိဂုံး | ၁၀ |

## အဆင့်မြင့်ပညာကျောင်းများနှင့် ဆရာသမဂ္ဂများ၏ အခန်းကဏ္ဍ

**ဦးမျိုးသန့်၊ တွဲဖက်ပါမောက္ခ၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)**
**ဦးဇော်မြင့်နိုင်ဦး၊ တွဲဖက်ပါမောက္ခ၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)**
**ဒေါက်တာစိုးမင်းမင်းညွန့်၊ ကထိက၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်**

**နိဒါန်း**

၁။ အဆင့်မြင့်ပညာကဏ္ဍသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုစေမည့် ခေတ်မီ ပညာရေးစနစ်ဖော်ဆောင်ရာတွင် အတွေးအခေါ်မှန်ကန်၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး လိုအပ်သော လူသားအရင်းအမြစ်ကို လေ့ကျင့်ပျိုးထောင်ပေးရန် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

၂။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ဥယျောဇဉ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ "ပညာရေးသည် ဆင်းရဲမွဲတေမှုကို လျှော့ချ၍သာတူညီမျှမှုရှိစေခြင်း၊ မိသားစုဝင်ငွေမြင့်မားစေခြင်း၊ တစ်ဦးချင်းစီနှင့် မိသားစုကျန်းမာရေး မြှင့်တင်ပေးခြင်း၊ လူမှုအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်း၊ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေခြင်းတို့ဖြင့် အမျိုးသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်" ဟု မိန့်ဆိုထားပါသည်။ ထို့ကြောင့် ပညာရေး၏ အဓိကဦးဆောင်သူ(Stakeholder)များဖြင့် ဖွဲ့စည်းထားသည့် ဆရာသမဂ္ဂများသည် အမျိုးသား ပညာရေးစနစ်တစ်ခုကို ပြုပြင်ပြောင်းလဲရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

၃။ ယနေ့ခေတ်တွင် အဆင့်မြင့်ပညာကျောင်းများရှိ ဆရာ၊ ဆရာမများသည် တစ်ဦးချင်းစီ၏ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ ကိုယ်ပိုင်စီမံခန့်ခွဲနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဦးစားပေး၍ လုပ်ငန်းတာဝန်ခွဲဝေဆောင်ရွက်သောပုံစံ (Corporate Model) သို့ ပြောင်းလဲရန်အတွက် သမားရိုးကျ ဗဟိုဦးစီးစနစ်မှခွဲထွက်ရန် အလွန်အရေးကြီးပါသည်။

၄။ ထိုအတွက် အဆင့်မြင့်ပညာကျောင်းများတွင် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၏ လူမှုဘဝ တိုးတက်ရေးဆိုင်ရာများ၊ နစ်နာမှုများကို ကူညီဖြေရှင်းပေးရန်နှင့် မိမိတို့ကျောင်း၏ စီမံအုပ်ချုပ် သင်ကြားရေးဆိုင်ရာလုပ်ငန်းများကို ထိန်းညှိတည့်မတ်မှုပေးနိုင်ရေး၊ စောင့်ကြည့်လေ့လာ သုံးသပ်နိုင်ရေး၊ အတူပူးပေါင်း ညှိနှိုင်းအဖြေရှာ လုပ်ဆောင်နိုင်ရေးအတွက် ဆရာသမဂ္ဂသည် ခိုင်မာအားကောင်းပြီး အရေးပါသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ရပါမည်။

၅။ သို့ဖြစ်ပါ၍ အဆင့်မြင့်ပညာကျောင်းများရှိ ဆရာသမဂ္ဂများသည် အများလက်ခံနိုင်သော အဖွဲ့အစည်းဖြစ်စေရေး၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများအားလုံးပါဝင်နိုင်စေရေးနှင့် ဥပဒေအရ တရားဝင် ရပ်တည်နိုင်စေရေးအတွက် ဤစာတမ်းကို ပြုစုတင်ပြပါသည်။

**ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆရာ သမဂ္ဂ၏ တရားဝင်မှု**

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ အခန်း(၁) ပုဒ်မ (၂၁) ပုဒ်မခွဲ(က) **“နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ် ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု**

**အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်**” ဟုလည်းကောင်း၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပုဒ်မ (၃၅၄) “**နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့် တရား အကျိုးငှာ** ပြဋ္ဌာန်းထားသည့် **ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်**” ယင်းပုဒ်မ၏ ပုဒ်မခွဲ(ဂ) “**အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်**” အရလည်းကောင်း ဆရာများသမဂ္ဂ၊ ဆရာများအသင်း များကို လွတ်လပ်စွာဖွဲ့စည်းနိုင်ကြောင်း ပြဋ္ဌာန်းထားရှိပါသည်။ ထိုသို့ခွင့်ပြုထားမှုအရ ဆရာများ သမဂ္ဂ၊ ဆရာများအသင်းများသည် ဥပဒေအရ တရားဝင်ဖွဲ့စည်းနိုင်ရေးသည် အရေးကြီးပါသည်။

၇။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)တွင်၊ အခန်း(၃) အမျိုးသား ပညာရေးဆိုင်ရာ အခြေခံမူများ၊ ပုဒ်မ (၄)၊ ပုဒ်မခွဲ (ဓ) “**အဆင့်မြင့်ပညာကျောင်းများတွင် ဆရာ သမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းများနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ရှိရေး**”ဟု သမဂ္ဂများ ဖွဲ့စည်းတည်ထောင်လှုပ်ရှားရေးကို တက္ကသိုလ်ပဋိညာဉ်စာတမ်းများနှင့်အညီဟု ခွင့်ပြုထားသောကြောင့် သမဂ္ဂများ တရားဝင် ရပ်တည်မှု ရှိရန်အတွက် အဆင့်မြင့်ပညာကျောင်းများ၏ ပဋိညာဉ်စာတမ်းများကို နိုင်ငံတော်မှ တရားဝင် ပြဋ္ဌာန်း ပေးရန် လိုအပ်လျက်ရှိပါသည်။

၈။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်များ အခန်းတွင် ပုဒ်မ (၂) ပုဒ်မခွဲ(သ) **မိဘဆရာအသင်း** ပုဒ်မခွဲ(ဟ) **ကျောင်းအကျိုးဆောင်အဖွဲ့**ဟု အမည်နှင့် အဓိပ္ပါယ် ဖွင့်ဆိုချက်ကို အခြေခံပညာကျောင်းများအတွက် ပြဋ္ဌာန်းထားသော်လည်း **ဆရာသမဂ္ဂ၊ ကျောင်းသား သမဂ္ဂများ**ကို အမည်နှင့် အဓိပ္ပါယ်ဖွင့်ထားခြင်း မရှိသည်ကို တွေ့ရပါသည်။ ထို့အတူ အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၅)တွင်လည်း ပုဒ်မခွဲ (ဠ) **တက္ကသိုလ်ကောင်စီ**ကိုသာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီး **တက္ကသိုလ်ပဋိညာဉ်စာတမ်း**ကို အဓိပ္ပါယ်ဖွင့်ထားခြင်း မရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။

၉။ သို့ဖြစ်ပါ၍ ဆရာသမဂ္ဂများတရားဝင် ဖွဲ့စည်းရပ်တည်နိုင်ရေးအတွက် လိုအပ်သော အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အဆင့်မြင့်ပညာရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန်လိုအပ်ပါသည်။ အဆင့်မြင့်ဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်စေရေးအတွက်လည်း ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီး ဌာနများ၊ ဥပဒေပြု အဖွဲ့အစည်းများကိုလည်း ဆောလျင်စွာ ရေးဆွဲပြဋ္ဌာန်း အတည်ပြုပေးပါရန် ဤစာတမ်းမှ လေးနက်စွာ တိုက်တွန်းတောင်းဆိုအပ်ပါသည်။

၁၀။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅)တို့တွင် ဆရာသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများကို အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် မပါရှိ သော်လည်း ဆက်စပ်ပုဒ်မ၊ ပုဒ်မခွဲများတွင်ပါရှိသော စကားရပ်များအရ တက္ကသိုလ်ပဋိညာဉ်စာတမ်း ကို အကောင်အထည်ဖော်ဆောင်နေသကဲ့သို့ ဆရာသမဂ္ဂများ၊ ကျောင်းသားသမဂ္ဂများကိုလည်း

အမျိုးသားပညာရေးဥပဒေများတွင် စကားရပ်များပါရှိ၍ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ် ဝန်ကြီးဌာနများမှ တရားဝင်ရပ်တည် အသိမှတ်ပြုမှုပေးပါရန် လေးစားစွာ အကြံပြု တိုက်တွန်းအပ်ပါသည်။

၁၁။ ပညာရေးဝန်ကြီးဌာန၏ မူဝါဒများသည် အမျိုးသားပညာရေးဥပဒေ (၂၀၁၄)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)၏ အခန်း(၃) အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများကို အခြေပြုပြီး ရေးဆွဲသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ **အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင် လှုပ်ရှားခွင့်ရှိရေး** မူဝါဒအရလည်း သမဂ္ဂများ တရားဝင် ရပ်တည်ဖွဲ့စည်းနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တိကျသောမူကို တရားဝင်ချပြပေးရန် လိုအပ်ပါသည်။

၁၂။ လက်ရှိပြည်သူများ ရွေးကောက်တင်မြှောက်ထားသော အစိုးရလက်ထက်တွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာရေးဦးစီးဌာနသည် (၂၀၁၈ ခုနှစ် ဧပြီလ ၇) ရက်စွဲပါ စာအမှတ်။ **အဆင့်မြင့်/ရုံးချုပ်/စီမံ/ပူးပေါင်း/၂၀၁၈(၅၄၃၅)**ဖြင့် တက္ကသိုလ်၏စီမံခန့်ခွဲရေးအဖွဲ့၊ ပညာရေးအဖွဲ့တို့တွင် ရွေးကောက်ခံကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂများ၏ ကိုယ်စားလှယ် (၂)ဦးစီကို ထည့်သွင်းဖွဲ့စည်း၍ အစည်းအဝေးများတွင် တက်ရောက်စေရန် ညွှန်ကြားစာထုတ်ပြန်ထားသော်လည်း အချို့သော တက္ကသိုလ်များ၏ စီမံခန့်ခွဲရေး တာဝန်ရှိသူအများစုသည် ဤညွှန်ကြားချက်ကို လိုက်နာမှုမရှိခြင်းနှင့် လက်တစ်လုံးကြား လုပ်ဆောင်နေသည်ကို အောက်ခြေရှိ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများထံ စုံစမ်းမေးမြန်းလျှင် သိသာထင်ရှားစွာ တွေ့မြင်ရပါသည်။

**မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)၊ အဆင့်မြင့်ပညာရေးနှင့် ဆရာသမဂ္ဂများအခန်းကဏ္ဍ**

၁၃။ **မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)**၏ မဏ္ဍိုင်(၃) **ပြည်သူများနှင့် ကမ္ဘာမြေ**၊ ပန်းတိုင်(၄) **၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး**ရှိ မဟာဗျူဟာ (၄.၁) **အရည်အသွေးမြင့်မားသော ရာသက်ပန်ပညာရေးဆိုင်ရာ အခွင့်အလမ်း တန်းတူရရှိရေး**၏ ရည်ညွှန်းနံပါတ်(၄.၁.၄) **ဆရာ/မများခန့်ထားရေး၊ လေ့ကျင့်သင်ကြားရေး၊ ပညာရေးဆိုင်ရာ အုပ်ချုပ်မှုကဏ္ဍနှင့် အရည်အသွေးအာမခံချက်ရှိစေရေးလုပ်ငန်းများအား အဆင့်တိုင်းတွင် နည်းလမ်းပေါင်းစုံဖြင့် ခိုင်မာအားကောင်းလာစေရန်**နှင့် ရည်ညွှန်းနံပါတ်(၄.၁.၇) **ဆရာ/မများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပညာရေးဆိုင်ရာ အုပ်ချုပ်မှုကဏ္ဍတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အရည်အသွေး မြင့်မားသည့် အဆင့်မြင့်ပညာရေး ရရှိစေရန်**ဟု ဦးတည်ချမှတ်ဖော်ဆောင်ရန်ထားရှိသော ပညာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးသည် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနရှိ စီမံအုပ်ချုပ်ရေး တာဝန်ရှိသူများ ပါဝင်အကောင်အထည်ဖော်ဆောင်မည့် ပုဂ္ဂိုလ်များအားလုံး လက်တွဲညီညီ ဆောင်ရွက်ရန်မှာ အရေးကြီးပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အများအကျိုးအတွက် ပူးပေါင်းကူညီ

ဆောင်ရွက်ပေးမည့် သမဂ္ဂများကို သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးမှ တရားဝင် အသိအမှတ်ပြု ရန်လည်း အဓိကကျပါသည်။

**အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများ ဖွဲ့စည်းနိုင်မှုအခြေအနေ**

၁၄။ (၂၀၁၇) ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)တွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ အစီရင်ခံစာ၏ စာတမ်း(၂)၊ လုပ်ငန်းစဉ်(၂)၏ "ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂ တည်ထောင်ခွင့်ပြုရန်"အရ အဆင့်မြင့်ပညာကျောင်း (၉၅)ကျောင်း၏ ပြန်ကြားချက်တွင် ဆရာသမဂ္ဂများ ဖွဲ့စည်းထားမှုအခြေအနေမှာ ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်၊ ကောလိပ် (၂၂)ကျောင်း၊ ပညာရေးတက္ကသိုလ်၊ ကောလိပ် (၆)ကျောင်း နည်းပညာတက္ကသိုလ် (၈)ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် (၃) ကျောင်း စုစုပေါင်း (၃၉)ကျောင်းတွင်သာ ဖွဲ့စည်းထားကြောင်းတွေ့ရှိရပါသည်။ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လအထိ အခြေအနေ)

၁၅။ နည်းပညာဆိုင်ရာ ဆရာများအဖွဲ့ချုပ်၏ (၂၀၁၉၊ ဇူလိုင်လ) အစီရင်ခံစာအရ နည်းပညာတက္ကသိုလ် (၂၃)ကျောင်းနှင့် ကွန်ပျူတာတက္ကသိုလ် (၈)ကျောင်းတို့တွင် ဆရာသမဂ္ဂများ ဖွဲ့စည်းထားကြောင်း လေ့လာသိရှိရပါသည်။

၁၆။ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များတွင် (၂၀၁၉၊ ဩဂုတ်လ)စာရင်းကောက်ယူမှုအရ ကျောင်းသား ဆရာသမဂ္ဂဖွဲ့စည်းထားရှိမှု တွေ့ရှိရပါသည်။

**အဆင့်မြင့်ပညာကျောင်း စုစုပေါင်းအရေအတွက်(၁၆၃)ကျောင်း**

| | | | |
|---|---|---|---|
| (၁) | ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်၊ ကောလိပ်များ | (၄၇) | ကျောင်း |
| (၂) | နည်းပညာတက္ကသိုလ်များ | (၃၃) | ကျောင်း |
| (၃) | ကွန်ပျူတာတက္ကသိုလ်များ | (၂၇) | ကျောင်း |
| (၄) | ပညာရေးတက္ကသိုလ်၊ ကောလိပ်များ | (၂၇) | ကျောင်း |
| (၅) | ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များ | (၁၆) | ကျောင်း |
| (၆) | ပညာရေးဥပဒေအရအခြားတက္ကသိုလ်၊ ကောလိပ်များ | (၁၃) | ကျောင်း |

## အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂ/ဆရာအသင်းများ ဖွဲ့စည်းထားမှု အခြေအနေပြဇယား (၂၁-၉-၂၀၁၉ ရက်နေ့အထိ Email မှ ပြန်ကြားလာမှုအခြေအနေ)

| စဉ် | အဆင့်မြင့်ပညာကျောင်း | စုစုပေါင်း | ဖွဲ့စည်းပြီး | မဖွဲ့စည်းထား | အကြောင်းမပြန် |
|---|---|---|---|---|---|
| ၁။ | ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်ကောလိပ်များ | ၄၇ | ၅ | | ၄၂ |
| ၂။ | နည်းပညာတက္ကသိုလ်များ | ၃၃ | ၂၃ | ၁၀ | - |
| ၃။ | ကွန်ပျူတာတက္ကသိုလ်များ | ၂၇ | ၈ | ၁၉ | - |
| ၄။ | ပညာရေးတက္ကသိုလ်၊ ကောလိပ်များ | ၂၇ | ၅ | ၂ | ၂၀ |
| ၅။ | ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များ | ၁၆ | ၂ | ၃ | ၁၁ |
| ၆။ | ပညာရေးဥပဒေအရအခြားတက္ကသိုလ်၊ ကောလိပ်များ | ၁၃ | ၁ | ၃ | ၉ |
| | **အဆင့်မြင့်ပညာကျောင်းစုစုပေါင်း** | ၁၆၃ | ၄၄ | ၃၇ | ၈၂ |

**လွှတ်လပ်ပြီးအမှီအခိုကင်း၍ အများဆန္ဒဖြင့် ရွေးကောက်သော ဆရာသမဂ္ဂများပေါ်ပေါက်ရေး**

၁၇။ ဒီမိုကရေစီပညာရေးတွင် အဆင့်မြင့်ပညာကျောင်းများရှိ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများအတွက် အကူအညီရပ်တည်ပေးမည့် အဖွဲ့အစည်းမှာ ဆရာမသမဂ္ဂများ ဖွဲ့စည်းဆောင်ရွက်ရေးမှာ လွန်စွာ အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် လိုအပ်နေသည်မှာ ထင်ရှားစွာပေါ်လွင်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံကျောင်းများရှိ အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများနှင့် တစ်ချို့သောပြည်သူများ၏ အမြင်တွင် သမဂ္ဂဆိုသော စကားလုံးကို ပြောဆိုသုံးစွဲရန်အလွန်ဝန်လေးနေကြပြီး သမဂ္ဂတွင် အဖွဲ့ဝင် အဖြစ်ပါဝင်ရန် တွန့်ဆုတ်နေကြပါသည်။

၁၈။ အဆင့်မြင့်ပညာကျောင်းများရှိ တစ်ချို့သော ပါမောက္ခချုပ်၊ ဒုပါမောက္ခချုပ်နှင့် ပါမောက္ခများ သည် သမဂ္ဂအဖွဲ့များကို ဆန့်ကျင်သောအဖွဲ့၊ ကန့်လန့်တိုက်သောအဖွဲ့၊ ထိုင်ခုံလှုပ်သောအဖွဲ့ဟု အမြင်များရှိနေသည်ကို စိတ်မကောင်းစွာတွေ့မြင်ရပါသည်။ ဆရာများသမဂ္ဂဖွဲ့စည်းထားရှိပြီး ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားချက်များထုတ်ပြန်ထားသော်လည်း အဆိုပါ ညွှန်ကြားချက်ကို လစ်လျူရှုထားသောကျောင်းများနှင့် ဖွဲ့စည်းထားသည့် တစ်ချို့သောကျောင်းများ မှာလည်း ပုဂ္ဂိုလ်ရေး နီးစပ်ရာများဖြင့် ဖွဲ့စည်းထားသည်ကို လေ့လာသုံးသပ်တွေ့ရှိရပါသည်။ ပွင့်လင်းမြင်သာသည့် ဆန္ဒမဲပေးမှုများဖြင့် ဖွဲ့စည်းထားသည့်ကျောင်းများရှိသည်ကိုလည်း လေ့လာ တွေ့ရှိရပါသည်။

၁၉။ ပြည်သူရွေးကောက်ထားသော ပြည်သူ့အစိုးရလက်ထက်တွင် အဆင့်မြင့်ပညာကျောင်းများရှိ ဆရာ၊ ဆရာမ၊ ဝန်ထမ်း၏သဘောဆန္ဒဖြင့် ဖွဲ့စည်းထားသင့်ပြီး အဖွဲ့ဝင်အများစု၏ ဆန္ဒဖြင့် ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် ရွေးကောက်တင်မြှောက်ထားသော သမဂ္ဂအမှုဆောင်များ ဖြစ်သင့်

ပါသည်။ ဆရာသမဂ္ဂများ၏ ဖွဲ့စည်းတည်ထောင်မှုကို ပညာရေးဝန်ကြီးနှင့် ဆက်စပ်ဝန်ကြီးများက တရားဝင် အသိမှတ်ပြုရန် လိုအပ်ပါသည်။

၂၀။ ဆရာသမဂ္ဂ အလုပ်အမှုဆောင်များကိုလည်း သက်ဆိုင်ရာ ကျောင်းများရှိ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများမှ အများဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရန် လိုအပ်ပြီး ပညာရေးဆိုင်ရာကိစ္စများနှင့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၏ ကိစ္စရပ်များကို လွတ်လပ်ပြီးအမှီအခိုကင်းစွာဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။ အများစု၏ဆန္ဒကို အလေးပေးအကောင်အထည်ဖော်ဆောင်သော၊ အနည်းစု၏ ဆန္ဒကို လေးစားသော ဆရာသမဂ္ဂများ ဖြစ်ရန် လိုအပ်ပါသည်။

**"ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆရာသမဂ္ဂများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း"**

၂၁။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) ပုဒ်မ (၃)၊ ပုဒ်မခွဲ(ဈ) **"မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံကိန်းများကို လည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သတင်းအချက်များကိုလည်းကောင်း ပြည်သူလူထုက သိရှိရယူရန်"** ပုဒ်မ (၄)၊ ပုဒ်မခွဲ (စ) **"ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်း များ၊ မိဘများ၊ ဆရာများကရွေးချယ်သော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူရန်"** ပုဒ်မ (၄) ပုဒ်မခွဲ (ဃ)၏ အစားထိုးပုဒ်မခွဲ (တ) **"ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေး"** နှင့် ပုဒ်မ(၂၉) အမျိုးသားပညာရေး ဥပဒေပုဒ်မ(၅၈)၏ အစားထိုးပုဒ်မခွဲ(ခ) **"မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည် ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင် ပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာများက ရွေးချယ် ပေးသော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များ၏ အကြံပြုချက်များကိုရယူပြီး ပြည်သူလူထုက ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း"** ဟု ပြဋ္ဌာန်းထားပါသည်။

၂၂။ ထိုဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ပညာရေးနှင့် သက်ဆိုင်သော ကော်မရှင်၊ ကော်မတီနှင့် ကောင်စီများသည် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၊ ဆရာသမဂ္ဂ များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို တရားဝင်အသိအမှတ်ပြုထားသော ဆရာသမဂ္ဂ များ၊ ဆရာအသင်းကိုလည်း ထုတ်ပြန်ချက်မိတ္တူများပေးပို့ရန် လိုအပ်ပါသည်။

၂၃။ ဆရာသမဂ္ဂများ၊ ဆရာအသင်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် တက္ကသိုလ်၊ ကောလိပ်များကို တရားဝင်အသိမှတ်ပြုရေး တောင်းဆိုရပါမည်။ သို့မှသာ ပညာရေးကဏ္ဍ

ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်မှုများတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့်လက်တွဲပြီး တရားဝင် လုပ်ဆောင်ခွင့်ရရှိမည် ဖြစ်ပါသည်။

၂၄။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (ဒုတိယအဆင့်) ရေးဆွဲမှုတွင် အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ထားသော၊ အများစုလက်ခံသော ဆရာသမဂ္ဂ၊ ဆရာအသင်းမှ ကိုယ်စားလှယ်များ ပါဝင်ရန် လိုအပ်ပါသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)တွင် ဆရာ၊ ကျောင်းသားများ ပါဝင်ရေးဆွဲခွင့် မရရှိခဲ့ခြင်းနှင့် အဆင့်မြင့်ပညာရေးကဏ္ဍအတွက် ချမှတ်ထားသော မဟာဗျူဟာများမှာ အဆင့်မြင့်ပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားနည်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။ နောင်လာမည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (ဒုတိယအဆင့်) တွင် ဆရာ၊ ကျောင်းသားကိုယ်စားလှယ်များပါဝင်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည့် မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းကာလအတွင်း ရလဒ်များကို ရေးဆွဲရန် လိုအပ်ပါ သည်။ သတင်းအချက်အလက်များကိုလည်း ပွင့်လင်းမြင်သာစွာ ချပြပေးရန် လိုအပ်ပါသည်။

**အဆင့်မြင့်ပညာရေးဥပဒေ၊ အဆင့်မြင့်ပညာကျောင်းနှင့် ဆရာသမဂ္ဂများ အခန်းကဏ္ဍ**

၂၅။ မြန်မာ့ပညာရေးအတွက် ပညာရေး၏ပင်မဥပဒေဖြစ်သော အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)တို့ ပြဋ္ဌာန်းထုတ်ပြန်ပြီးခဲ့သည်မှာ လေးနှစ်ကျော် ငါးနှစ်အတွင်း ရောက်ခဲ့ပါပြီ။ အဆင့်မြင့်ပညာကျောင်းများအတွက် ပညာရေး၏ ပင်မဥပဒေနှင့် ဆက်စပ်ဥပဒေဖြစ်သော အဆင့်မြင့်ပညာရေးဥပဒေ ထွက်ပေါ်ရန် အရေးကြီးလိုအပ် ပါသည်။

၂၆။ အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေများဖြစ်သော (၁) နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဥပဒေ(မူကြမ်း)၊ (၂) ပုဂ္ဂလိကပညာရေးဥပဒေ(မူကြမ်း)နှင့် (၃) အခြေခံ ပညာရေးဥပဒေ(မူကြမ်း)များကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာထားပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေပြုအဖွဲ့အစည်းများသို့ ပေးပို့ထားပြီးဖြစ်သော်လည်း အဆင့်မြင့်ပညာရေးဥပဒေမှ ဥပဒေ(မူကြမ်း)အဖြစ်ကို အသိပေးကြေညာထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

၂၇။ အဆင့်မြင့်ပညာကျောင်း (၁၇၃)ကျောင်းအတွက် လိုအပ်သော အဆင့်မြင့်ပညာရေးဥပဒေ (မူကြမ်း)ကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) ပုဒ်မ (၃) ပုဒ်မခွဲ (ဈ)နှင့် ပုဒ်မ (၄) ပုဒ်မခွဲ (က) ပါ ပြင်ဆင်ချက် ပုဒ်မခွဲ (ခ)တို့နှင့်အညီ ဥပဒေ(မူကြမ်း)ကို ရေးဆွဲသင့်ပါသည်။ အဆိုပါ ဥပဒေမူကြမ်းတွင် ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ တက္ကသိုလ်ပဋိညာဉ်စာတမ်းအစရှိသော အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အများဆန္ဒနှင့်ကိုက်ညီပြီး ဥပဒေရေးထုံးများအတိုင်း ထည့်သွင်း ရေးဆွဲရန် လိုအပ်ပါသည်။

၂၈။ ထို့အတူ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၅) ပုဒ်မ (၄) ပုဒ်မခွဲ(ဃ)၏ အစားထိုးပုဒ်မခွဲ (တ) **ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေး**ကို အဆင့်မြင့် ပညာရေးဥပဒေ(မူကြမ်း)တွင် အကောင်အထည်ဖော်ဆောင်ရန် တိကျစွာထည့်သွင်း ဖော်ပြသင့်

ပါသည်။ အဆိုပါ အဆင့်မြင့်ပညာရေး(မူကြမ်း)ကို ဆောလျင်စွာ ထွက်ပေါ်ရေးအတွက် ဆရာသမဂ္ဂများ၊ ဆရာအသင်းများ ကျောင်းသားသမဂ္ဂများနှင့် ပညာရေးဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်းတောင်းဆိုရန် လိုအပ်ပါသည်။

**အဆင့်မြင့်ပညာကျောင်းများ၏ စီမံအုပ်ချုပ်ပညာရေးအဖွဲ့များနှင့် ဆရာသမဂ္ဂများအခန်းကဏ္ဍ**

၂၉။ အဆင့်မြင့်ပညာကျောင်းများရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ စီမံပညာအဖွဲ့ဝင်များသည် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများကလက်ခံပြီး အများဆန္ဒနှင့် ရွေးကောက်ထားသော ဆရာသမဂ္ဂ၊ ဆရာအသင်းများကို တရားဝင်လက်ခံပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆင့်မြင့်ပညာကျောင်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ လျင်မြန်စွာ တိုးတက်လာနိုင်ပြီး အဂတိတရားကင်းရှင်းခြင်း၊ ကြီးနိုင်ငယ်ညှင်းဝါဒကင်းရှင်းခြင်း၊ ဗဟိုချုပ်ကိုင်မှုကင်းရှင်းခြင်းနှင့် ဒီမိုကရေစီပညာရေးကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါလိမ့်မည်။ အချို့သော အဆင့်မြင့်ပညာကျောင်းများသည် ဤလမ်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် အများစုလက်ခံနိုင်သော အခြေအနေတွင်ရောက်ရှိနေသည်ကို တွေ့မြင်ရပါသည်။

၃၀။ အဆင့်မြင့်ပညာကျောင်းများရှိ တာဝန်အရှိဆုံးသော စီမံအုပ်ချုပ်သူများသည် ကျောင်းများတွင် လိုအပ်နေသော ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများ အများစုပါဝင်လက်ခံမှုဖြင့်ဖွဲ့စည်းရန် အားပေးတိုက်တွန်းသင့်ပြီး ဖွဲ့စည်းတည်ထောင်ဆောင်ရွက်နိုင်ရန် အကူအညီပေးသင့်ပါသည်။ ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများမှလည်း ကျောင်း၏တိုးတက်ကောင်းမွန်ရေး၊ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး၊ ပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်ကြား၊ စီမံဝန်ထမ်းများ အခွင့်အရေး အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များကိုလည်း အပြုသဘောဆောင်သော လုပ်ဆောင်ချက်များဖြင့် ပူးပေါင်းကူညီ လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

၃၁။ သက်ဆိုင်ရာ ကျောင်းများရှိ ဆရာ၊ ကျောင်းသားအဖွဲ့အစည်းများကို တတိယအင်အားစု (Third Party) အဖြစ် လက်ခံပြီး ကျောင်း၏ကောင်စီ၊ ကော်မတီများတွင် ကိုယ်စားလှယ်များအဖြစ် ပါဝင်ဖွဲ့စည်းပြီး အကြံဉာဏ်ရယူခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာ ချပြပေးခြင်းတို့ လိုအပ်လျက်ရှိပါသည်။

**အဆင့်မြင့်ပညာကျောင်းများနှင့် ဆရာအဖွဲ့အစည်းများ၏ ကိုယ်စားပြုအဖွဲ့ ဖွဲ့စည်းနိုင်ရေးနှင့် ဆရာသမဂ္ဂများ၏ အခန်းကဏ္ဍ**

၃၂။ အဆင့်မြင့်ပညာရေးတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးနှင့် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ညှိနှိုင်းလှုပ်ရှားဆောင်ရွက်နိုင်စေရေးအတွက် အဆင့်မြင့်ပညာကျောင်းများ၏ ဆရာကိုယ်စားပြုအဖွဲ့ သို့မဟုတ် ကော်မတီတစ်ရပ်ရှိသင့်ပါသည်။ အဆိုပါအဖွဲ့ကို သက်ဆိုင်ရာ ပညာရေးနယ်ပယ်များအလိုက် အများစုဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော ဆရာသမဂ္ဂ၊ ဆရာအသင်းများမှ အများစုလက်ခံသော ဆရာ၊ ဆရာမ၊ ကိုယ်စားလှယ်များဖြင့် ရွေးချယ်ဖွဲ့စည်းရန် လိုအပ်ပါသည်။

၃၃။ အဆိုပါ အဆင့်မြင့်ပညာကျောင်းများ၏ ဆရာကိုယ်စားပြုအဖွဲ့ကို ပညာရေးဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ခွင့်ပြုပေးပါရန်၊ အသိအမှတ်ပြုလက်ခံပေးရန်နှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ပေးအပ်ရန်လိုအပ်ပါသည်။

၃၄။ အဆင့်မြင့်ပညာကျောင်းများ၏ ဆရာကိုယ်စားပြုအဖွဲ့အတွက် တိကျသော ဖွဲ့စည်းပုံများ၊ လုပ်ငန်းလမ်းညွှန်ချက်(SOP)များကို အများစုသဘောတူညီချက်ဖြင့် ရေးဆွဲပြဋ္ဌာန်းထားရန်နှင့် ဥပဒေအရ တရားဝင်အသိအမှတ်ပြုရန် လိုအပ်ပါသည်။ လိုအပ်သောရန်ပုံငွေကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ ထောက်ပံ့ပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်သင့်ပါသည်။

## ၃၅။ အကြံပြုဆွေးနွေးချက်များ

(၁) တက္ကသိုလ်ပဋိညာဉ်စာတမ်း(မူကြမ်း)များအရ တက္ကသိုလ်ကောင်စီတွင် ဆရာကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော်လည်း ဆရာသမဂ္ဂ၊ ဆရာအသင်းသည် အစဉ်အလာအရ သီးခြား လွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်ခွင့်ရရှိအောင် ပံ့ပိုးပေးရန်လိုအပ်ခြင်း၊

(၂) ဝန်ကြီးဌာနများမှနေ၍ ကျောင်းအာဏာပိုင်များ(ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများ)၏ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများ၏ သမဂ္ဂအသင်းအဖွဲ့များ ဖွဲ့စည်းရေးအပေါ် စိုးရိမ်မှုများ ပြေလျော့လာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားချက်များဖြင့် စီမံ ဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊

(၃) ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂတို့ကို ပူးပေါင်းပါဝင်မှုနည်းပါးရသည့် အကြောင်းရင်းများမှာ အကြောက်တရားခေါက်ရိုးကျိုးနေခြင်း၊ စည်းရုံးမှုအားနည်းခြင်း၊ အများအကျိုး ကျောင်းအကျိုးတို့ကို လက်တွေ့လုပ်ဆောင်ပြနိုင်မှုမရှိခြင်း၊

(၄) အဆင့်မြင့်ပညာကျောင်းများတွင် ဆရာ၊ ကျောင်းသားဆိုင်ရာကိစ္စရပ်များ ဖွဲ့စည်းဆောင်ရွက်ရာတွင် လက်ရှိပညာသင်နှစ်အသီးသီး၌ တာဝန်ထမ်းဆောင်နေသူများ၊ ပညာသင်ကြားနေသူများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရမည်ဖြစ်ခြင်း၊

(၅) အဆင့်မြင့်ပညာကျောင်းများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ဆက်လက် ကိုယ်စားပြုအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ခြင်း၊

(၆) ပါမောက္ခချုပ်တစ်ဦးချင်း၏ သဘောဆန္ဒပေါ်မူတည်၍ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များတွင် သမဂ္ဂရပ်တည်ခွင့်ကို တိကျစွာ ပြဋ္ဌာန်းပေးရမည်ဖြစ်ခြင်း၊

(၇) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ရှားမှုများ၊ အကြံပြုချက်များနှင့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအရ အဆင့်မြင့်ပညာကျောင်းများ၏ ဆရာကိုယ်စားပြုအဖွဲ့ သို့မဟုတ် ကော်မတီတစ်ခု ဖွဲ့စည်းရန်လိုအပ်ခြင်း၊

**နိဂုံး**

၃၆။ ခေတ်မီအဆင့်မြင့်ပညာရေးစနစ်ဖြင့် လွတ်လပ်စွာရပ်တည်တွေးခေါ်နိုင်ပြီး သာတူညီမျှစွာ အခွင့်အလမ်းများ ရရှိစေရေး၊ အရည်အသွေးပြည့်ဝကျွမ်းကျင်ပြီး နေပျော်သည့်ဘဝများဖြစ်စေရေး အတွက် ဆရာသမဂ္ဂအသင်းအဖွဲ့များက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆင့်မြင့်ပညာကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှု လွတ်လပ်သော စီမံခန့်ခွဲရေး စနစ်များ ကျင့်သုံးခြင်းဖြင့် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိပညာရှင် အတတ် ပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှု၊ တာဝန်ယူ တာဝန်သိမှု ဖွံ့ဖြိုးလာပြီး ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်ရေးဆိုင်ရာစံနှုန်းများကို တန်ဖိုးထား သည့် ဆရာသမဂ္ဂ၊ ဆရာအသင်းများ ပေါ်ပေါက်လာစေနိုင်မည် ဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း**


- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားပညာရေးဥပဒေ(၂၀၁၄) (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်)
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅) (၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၅)ရက်)
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)
- အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ၂၀၁၇ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)၊ စာတမ်း(၂) ဆရာ၊ ကျောင်းသားဆိုင်ရာကိစ္စရပ်များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ဒေါက်တာအောင်အောင်မင်း
- ၂၀၁၇ ခုနှစ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အဆင့်မြင့် ပညာကဏ္ဍ)တွင် ချမှတ်ခဲ့သည့်ရှေ့လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ (စာတမ်း(၂)၊ လုပ်ငန်းစဉ်(၂))
- နည်းပညာဆိုင်ရာဆရာများအဖွဲ့ချုပ် TTF ၏ (၂၀၁၉)ခုနှစ်၊ ဩဂုတ်လ နည်းပညာ၊ ကွန်ပျူတာ တက္ကသိုလ်များ၏ ဆရာသမဂ္ဂဖွဲ့စည်းရေးအခြေအနေ
- www.moe.gov.mm